


# မြန်မာနိုင်ငံရှိ အမျိုးသမီးများ လိုလားသော ရသုံးမှန်းခြေဆိုင်ရာ ဦးစားပေးကဏ္ဍများ

မြန်မာနိုင်ငံတွင် အများပြည်သူနှင့်ဆိုင်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ထင်မြင်ယူဆချက်များကို ထည့်သွင်းစဉ်းစားလာအောင် လုပ်ဆောင်နိုင်မှု နည်းပါးပါသည်။[1] အကျိုးဆက်အားဖြင့် ရသုံးမှန်းခြေဆိုင်ရာ ဦးစားပေးမှုများသည် အမျိုးသမီးများ၏ အချို့သော အခြေအနေများနှင့် ဦးစားပေးကဏ္ဍများကို ထင်ဟပ်နေခြင်းမရှိပါ။ ဤသုတေသနသည် နိုင်ငံတော်၏ ရသုံးမှန်းခြေလျာထားချက်များနှင့် ပတ်သက်၍ အမျိုးသမီးများ မည်ကဲ့သို့ ထင်မြင် ယူဆထားသည်၊ မည်သည်တို့ကို နားလည် သဘောပေါက်ထားသည်တို့ကို သိရှိနိုင်ရန် တိတိကျကျ လေ့လာထားပါသည်။ ကျန်းမာရေးနှင့် ပညာရေး အသုံးစရိတ်များသည် အမျိုးသမီးများ၏ ပထမဦးစားပေး ကဏ္ဍများ ဖြစ်ကြောင်းတွေ့ခဲ့ရပြီး အဆိုပါကဏ္ဍများရှိ နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုမှာ မျှော်မှန်းထားသည်ထက် လျော့နည်းနေပါသေးသည်။ အမျိုးသမီးများသည် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များကို ဦးစားပေးကဏ္ဍအနေဖြင့် မမြင်ကြောင်းကိုလည်း သုတေသနက ဖော်ပြနေပါသည်။

ရသုံးမှန်းခြေရေးဆွဲသည့်လုပ်ငန်းစဉ်များ၌ အမျိုးသမီးများ မည်ကဲ့သို့ ပါဝင်နေသည်ဆိုသည်ကိုလည်း သုတေသနတွင် လေ့လာခဲ့ပါသည်။ အများပြည်သူနှင့်ဆိုင်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်ခြင်းကို အဟန့်အတား ဖြစ်စေသော ပဏာမ အတားအဆီး နှစ်ရပ်မှာ ရသုံးမှန်းခြေ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသိပညာနည်းပါးခြင်းနှင့် အများ အသိအမှတ်ပြုခံရသော ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်ခြင်းကို ဟန့်တားနေသော အရာများရှိနေခြင်းပင် ဖြစ်သည်။

အမျိုးသမီးများသည် အဆိုပါလုပ်ငန်းစဉ်များတွင် ပါဝင်လိုသော ဆန္ဒရှိသော်လည်းရသုံးမှန်းခြေရေးဆွဲသည့်လုပ်ငန်းစဉ်များသည် ကျား/မရေးရာ အလေးပေးမှုရှိပြီး အထက်တွင်ဖော်ပြခဲ့သော အတားအဆီးများကို လျှော့ချပေးနိုင်မှသာ အနာဂတ်တွင် အမျိုးသမီးများသည် သတင်းအချက်အလက်များရရှိပြီး ယင်းလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရနိုင်မည်ဖြစ်သည်။

သို့မှသာအခွန်ကောက်ခံခြင်း၊ ပြည်သူအတွက် အသုံးပြုသော ဘဏ္ဍာစသည်တို့နှင့် ပတ်သက်သော အစိုးရ၏ ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ၏ ဦးစားပေးကဏ္ဍများ ထင်ဟပ်ပါဝင်နေမည်ဖြစ်ပြီး အခွန်နှုန်းထားများကို မည်ကဲ့သို့မြှင့်တင်လိုက်သည်၊ နိုင်ငံတော်၏ ရသုံးမှန်းခြေများကိုမည်ကဲ့သို့အသုံးပြု လိုက်သည်ဆိုသည်နှင့် ပတ်သက်၍ နိုင်ငံတော်မှ တာဝန်ခံမှုရှိလာစေရန် အမျိုးသမီးများကလည်း စောင့်ကြည့်လေ့လာနိုင်မည်ဖြစ်သည်။

[1] Burnley, Ei Phyu, Hilton. (2016). A Case for Gender-Responsive Budgeting in Myanmar. Oxfam. https://policy-practice.oxfam.org.uk/publications/a-case-for-gender-responsive-budgeting-in-myanmar-603484 မှ (၂၀၁၈)၊ ဇူလိုင် (၂၅) တွင် ထုတ်နုတ်ထားသည်။

# နိဒါန်း

## ရသုံးမှန်းခြေဘဏ္ဍာငွေအတွက် အမျိုးသမီးများ၏ အသံ သည် မည်သည့်အတွက်ကြောင့် အရေးကြီးရသနည်း။

နိုင်ငံတော်အစိုးရ၏နိုင်ငံရေးဦးစားပေးမှုများကို ဖော်ပြနိုင်ရန်နှင့် အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၏ ရသုံးမှန်းခြေ ဘဏ္ဍာငွေသည် အရေးကြီးပါသည်။ ရသုံးမှန်းခြေတွက်ချက် လျာထားရာတွင် ကျား/မရေးရာ အခန်းကဏ္ဍများကို ထည့်သွင်း စဉ်းစားခြင်းသည် အမျိုးသမီးများ၏ ဘဝတိုးတက်ရေးနှင့် အမျိုးသမီးများ၏ အခြေခံအခွင့်အရေးများမြှင့်တင်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေပါသည်။ ကျား/မ ရေးရာ အလေးပေးသော ရသုံးမှန်းခြေတွင်အစိုးရ၏ ရသုံးမှန်းခြေသည် အမျိုးသမီးများနှင့်အမျိုးသားများအပေါ် မည်ကဲ့သို့ ခြားနားစွာ သက်ရောက်နေသည်ဆိုသည်ကို နားလည်သဘောပေါက်စေရန် ရသုံးမှန်းခြေစက်ဝန်းရှိ အဆင့်အားလုံးတွင်ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ရေးဆွဲထားသောမူဝါဒများနှင့် ခွဲဝေထားသော အရင်းအမြစ်များ သည် ကျား/မ တန်းတူညီမျှမှုကို အားပေးနေသော လုပ်ငန်းများ ဖြစ်အောင် လုပ်ဆောင်ခြင်းတို့ပါဝင်သည်။[2] ထိုသို့ဆိုခြင်းသည် အမျိုးသမီးများအတွက်သာ သို့မဟုတ် အမျိုးသမီးများ၏ အရေး ကိစ္စများ အတွက်သာ သီးသန့် ရည်ရွယ်ထားသော ဘတ်ဂျက်များ ရှိရမည်ဟု မဆိုလိုပါ။ ကဏ္ဍအားလုံးတွင် အခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေအသုံးပြုခြင်းတို့သည် နိုင်ငံသူ နိုင်ငံသား အားလုံးအပေါ် မည်ကဲ့သို့ သာတူညီမျှ အကျိုး ဖြစ်ထွန်း စေမည် ဆိုသည်ကို နည်းစနစ်ကျကျရှုမြင်သုံးသပ်ခြင်းဟု အဓိပ္ပါယ် သက်ရောက်ပါသည်။[3] ရသုံးမှန်းခြေလျာထား တွက်ချက်ရာတွင် ကျား/မ ရေးရာ အလေးပေးမှု လျော့နည်းပါက အခြေခံဝန်ဆောင်မှု များအား အမျိုးသမီးများနှင့်မိန်းကလေးများအနေဖြင့် လက်လှမ်းမီ ရယူနိုင်စွမ်း အပေါ် တိုက်ရိုက်သက်ရောက်မှုရှိပြီး အမျိုးသမီးများ ကို အခက်တွေ့စေသော ကျား/မရေးရာ ပြဿနာများကို အားဖြည့် ရာ ရောက်ကောင်းရောက်နိုင်ပါသည်။

အများနှင့်ဆိုင်သောလုပ်ငန်းစဉ်များတွင် နိုင်ငံသူ/သားများအား အဓိပ္ပါယ်ရှိရှိပါဝင်စေခြင်းသည် ခိုင်မာသော တာဝန်ခံမှုစနစ်များကို အားပေးရာရောက်ပါသည်။ အမျိုးသမီးများ၏ အသံများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ၊ ၎င်းတို့၏ လိုအပ်ချက်များကို တိတိကျကျတုံ့ပြန်မှုမပြုဘဲ ကျား/မ ရေးရာတရားမျှတမှုရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဆီသို့ ခြေလှမ်းရန် မဖြစ်နိုင်ပါ။ ယင်းကို အဆုံးသတ်ရန်နှင့် ကျား/မ ရေးရာတွင်သာမက ဘဏ္ဍာငွေဆိုင်ရာ တွင်ပါ တရားမျှတမှုရှိစေမည့် ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရာ တွင် တာဝန်ခံမှုရှိစေရန် နိုင်ငံတော်အဆင့်လုပ်ငန်းအစီအစဉ် ရေးဆွဲပြင်ဆင်ခြင်း နှင့် ရသုံးမှန်းခြေ တွက်ချက် လျာထားခြင်း လုပ်ငန်းစဉ်များတွင် အမျိုးသမီးများကိုပါဝင်ခွင့်ပေးရန် အရေးကြီး ပါသည်။ အမျိုးသားများနှင့်အမျိုးသမီးများ၏ လိုအပ်ချက် ခြားနားမှု များကို ထင်ဟပ်ဖော်ပြခြင်းမပြုပဲ လျစ်လျူရှုထားမည်ဆိုပါက နိုင်ငံတော်အသုံးစရိတ်များသည် အများအားဖြင့် ဘက်လိုက်မှု ရှိနေမည်ဖြစ်ပြီး အမျိုးသမီးများအတွက် အနုတ်သဘော သက် ရောက်နေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအတွင်း ဦးဆောင်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့၌ အမျိုးသမီးများ အနေဖြင့် အဓိပ္ပါယ်ပြည့်ပြည့်ဝဝပါဝင်နိုင်မှု အလွန်နည်းပါးနေ သေးသည်။

ဤသုတေသနသည် အခွန်ကောက်ခံခြင်းနှင့် နိုင်ငံတော်အသုံး စရိတ်တို့နှင့်ပတ်သက်၍ မြန်မာအမျိုးသမီးများ၏ ဦးစားပေးလိုမှု များမှာ မည်သည်တို့ဖြစ်သည်၊ လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ် များ၌ အမျိုးသမီးများ မည်ကဲ့သို့ ပါဝင်နေသည်ဆိုသည်ကို နားလည်သဘောပေါက်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။

သုတေသနပြုလုပ်သည့်နည်းလမ်းများနှင့် ပြုလုပ်ခဲ့သော လေ့လာ ဆန်းစစ်မှုဆိုင်ရာသတင်းအချက်အလက်များကို နောက်ဆက်တွဲ (၁)တွင် ကြည့်နိုင်ပါသည်။

# အဓိကတွေ့ရှိချက်များ

## ကျန်းမာရေးနှင့်ပညာရေးတို့တွင် ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲရန် အမျိုးသမီးများက ဦးစားပေး ဖော်ပြကြသည်။

- အမျိုးသမီးများသည်ပြည်သူ့အသုံးစရိတ်နှင့်ပတ်သက်၍ ကျန်းမာရေး (၂၇%) နှင့်ပညာရေး (၂၄%) တို့ကို ဦးစားပေးအနေဖြင့် ဖော်ပြကြပြီး၊ ယင်းတို့နောက်တွင် လျှပ်စစ်ဓါတ်အား (၂၀%) ကိုဖော်ပြသည်။
- ကာကွယ်ရေးအတွက် ဘဏ္ဍာငွေလျာထားခြင်းကို အရေးပါမှုအနိမ့်ဆုံး(၃၃%)အဖြစ်ဖော်ပြကြသည်။

လက်ရှိတွင်အသုံးစရိတ်လျာထားချက်များနှင့် ပတ်သက်သော အမျိုးသမီးများ၏ဦးစားပေးကဏ္ဍများသည် အစိုးရမှ သတ်မှတ် ထားသောရသုံးမှန်းခြေတွင် ထင်ဟပ်နေခြင်းမရှိပါ။ ပညာရေး ပြုပြင်ပြောင်းလဲခြင်းသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ရွေးကောက်ပွဲထုတ်ပြန် ကြေညာချက်တွင်[4] အဓိက ကဏ္ဍတစ်ခု အနေဖြင့် ပါဝင်ခဲ့သော်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေ၏ ၈.၅၃%ကိုသာ ပညာရေးအတွက်လျာထားခဲ့ပြီး ကျန်းမာရေးအတွက်လည်း ဘဏ္ဍာငွေ၏ ၅.၂၂% ကိုသာ လျာထားခဲ့သည်။ Oxfam၏ လေ့လာတွက်ချက်မှုအရ ဤသည်မှာ

[2] ဤနေရာတွင်အမျိုးသမီးများနှင့်အမျိုးသားများကိုသာရည်ညွှန်းထားသော်လည်း ကျား/မရေးရာဟုဆိုရာ၌ ကျား/မရေးရာဆိုင်ရာ လူနည်းစုများ နှင့်ပါ ဆက်စပ်နေပြီး အသက်အရွယ်၊ အဆင့်အတန်း၊ ဘာသာ၊ စွမ်းဆောင်ရည်၊ လိင်စိတ်ခံယူမှုစသောရှုထောင့်များနှင့်လည်း ချိတ်ဆက်နေသည်။ အရေးကြီးသည်မှာ အဆိုပါရှုထောင့်များပေါင်းစပ်၍ လူ့အဖွဲ့အစည်းအတွင်းရှိ သက်ဆိုင်ရာပါဝါ၊ ဓလေ့ထုံးစံနှင့်အခန်းကဏ္ဍများအပေါ် မည်ကဲ့သို့ သက်ရောက်မှုရှိနေသည်ဆိုသည်နှင့်လည်း ချိတ်ဆက်နေပါသည်။

[3] Stephenson. (2018). A Guide to Gender-Responsive Budgeting. Oxfam. https://oxfamilibrary.openrepository.com/bitstream/10546/620429/13/gt-guide-gender-responsive-budgeting-280218-en.pdf မှ (၂၀၁၈)၊ ဇူလိုင် (၂၉) တွင်ထုတ်နုတ်ထားသည်။

[4] Burnley, Ei Phyu, Hilton. (2016). A Case for Gender-Responsive Budgeting in Myanmar, op. cit.

အရှေ့အာရှ ဒေသအတွင်းတွင် အနည်းဆုံး လျာထားချက်ဖြစ်ကြောင်းတွေ့ရပါသည်။[5] ဆန့်ကျင်ဘက်အားဖြင့် စုစုပေါင်းဘဏ္ဍာငွေ၏ ၁၄.၁၆% ကိုကာကွယ်ရေးကဏ္ဍ တစ်ခုတည်းအတွက် လျာထားကြောင်းတွေ့ရပါသည်။[6]

ကျန်းမာရေးနှင့်ပညာရေးကဲ့သို့သော အများပြည်သူနှင့် ဆိုင်သည့်ကဏ္ဍများတွင် ဘဏ္ဍာငွေအလုံအလောက်မသုံးစွဲခြင်းကြောင့် အဆိုပါကဏ္ဍများနှင့်သက်ဆိုင်သော ဝန်ဆောင်မှုများပေးအပ်ရာ၌ ဖြစ်ပေါ်နေသည့် လစ်ဟာမှုများကို ပုဂ္ဂလိကအဖွဲ့အစည်းများ သို့မဟုတ် အမျိုးသမီးများက ဖြည့်စွက်နေကြရပါသည်။ ပုဂ္ဂလိကဝန်ဆောင်မှုများမှာ ယေဘုယျအားဖြင့် ပို၍ဈေးနှုန်းကြီးမြင့်တတ်လေရာ၊ ၎င်းတို့ ပေးအပ်လျက်ရှိသော ဝန်ဆောင်မှုများကို ဆင်းရဲနွမ်းပါးသူများနှင့်အပစ်ပယ်ခံအုပ်စုများမှ လက်လှမ်းမှီ အသုံးပြုနိုင်ရန်ခဲယဉ်းလှပြီး ပြည်သူများကြား မညီမျှမှုများကို ပိုမိုဆိုးရွားစေပါသည်။[7] ထို့ပြင် အကြမ်းဖျဉ်းအားဖြင့်ဆိုရသော် မြန်မာနိုင်ငံရှိ ကျန်းမာရေး အသုံးစရိတ်များ၏ ၈၀% ခန့်ကို ပြည်သူများမှ ကိုယ်တိုင် ပေးဆောင် ကျခံနေကြရပါသည်။[8] ယင်းကလည်း ဆင်းရဲနွမ်းပါးသူများအပေါ် အနုတ်သဘော သက်ရောက်မှုများ ထပ်မံ ကျရောက်စေပါသည်။ အစိုးရဝန်ဆောင်မှုများနှင့်အခြေခံအဆောက်အဦးများအား လွယ်ကူစွာ လက်လှမ်းမှီ အသုံးပြုနိုင်ခြင်းအားဖြင့် ဝင်ငွေမရသော ပြုစုစောင့်ရှောက်မှုလုပ်ငန်းများနှင့် အိမ်မှုကိစ္စများအတွက် အမျိုးသမီးများ၏ အချိန်များစွာ အသုံးပြုနေရခြင်းကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

## အများပြည်သူနှင့်ဆိုင်သောဝန်ဆောင်မှုများကို ရယူအသုံးပြုရာတွင် အခက်အခဲများ နှင့်ရင်ဆိုင်ကြရသည်ဟု အမျိုးသမီး အများစုကဆိုပါသည်။

- သုတေသနစာတမ်းတွင် ပါဝင်ခဲ့ကြသောအမျိုးသမီးများ၏ ၄၇% က အများပြည်သူနှင့်ဆိုင်သော ဝန်ဆောင်မှုများအနက် မိမိတို့လိုအပ်သောဝန်ဆောင်မှုများကို လက်လှမ်းမှီနိုင်ရန် 'ခက်ခဲသည်' ဟု ဖော်ပြခဲ့ကြပြီး ၁၁% က 'အလွန်ခက်ခဲသည်' ဟု ဖော်ပြခဲ့ကြပါသည်။

နိုင်ငံတော်မှပေးအပ်လျက်ရှိသော လက်ရှိ ပြည်သူ့ဝန်ဆောင်မှုများသည် အမျိုးသမီးများ၏ လိုအပ်ချက်များကို ပြည့်မှီနိုင်လောက်အောင် လုံလောက်မှုမရှိသေးဟု အမျိုးသမီးများက ခံစားနေကြရကြောင်းကို အဆိုပါ သုတေသန ရလဒ်များက ဖော်ညွှန်းနေပါသည်။ အစိုးရဝန်ဆောင်မှုများကို ရယူအသုံးပြုရာတွင် ငွေကြေးအခက်အခဲနှင့် ခရီးသွားလာရေးတို့သည် အဓိကအတားအဆီးများဖြစ်သည်ဟု တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသမီးအတော်များများက ဆိုခဲ့ကြသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် အများပြည်သူနှင့်ဆိုင်သော ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အသုံးစရိတ်များကို ယေဘုယျခြုံငုံကြည့်ရုံမျှသာမက၊ နိုင်ငံတော် အတွင်းတွင် အသုံးစရိတ်များကို မည်ကဲ့သို့ ခွဲဝေထားသည်ဆိုသည်ကိုပါ ပြန်လည်ဆန်းစစ်ရန် လိုအပ်နေကြောင်းတွေ့ရပါသည်။ ကျေးလက်ဒေသ/ဝေးလံခေါင်ဖျားဒေသများတွင် အရင်းအမြစ်များရှားပါးသောကြောင့် ဝန်ဆောင်မှုများကို လက်လှမ်းမှီ အသုံးပြုရာတွင် ကျေးလက်ဒေသနေအမျိုးသမီးများသည် အခက်အခဲများ ပို၍ရင်ဆိုင်ရနိုင်ချေရှိပါသည်။ စီးပွားရေးကဏ္ဍတွင်လည်း မြို့ပြဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုများသာ ပိုတွေ့ရပြီး ဝန်ဆောင်မှုများ ရယူအသုံးပြုခြင်းနှင့်ပတ်သက်လျှင် ဝေးလံ ခေါင်ဖျားဒေသများသည် အခက်အခဲများ ပိုရင်ဆိုင်နေရပါသည်။ နေရပ်စွန့်ခွာ နေထိုင်ကြရသော လူစုများနှင့် လူနည်းစုအုပ်စုဝင်များသည် သွားလာလှုပ်ရှားခွင့်ပိတ်ပင်ခံထားရခြင်းနှင့် စနစ်တကျ ခွဲခြား ဆက်ဆံခံနေရခြင်းတို့ကြောင့် ပို၍ထိခိုက်လွယ်ကြပါသည်။[9] [10]

## ရသုံးမှန်းခြေတွက်ချက်လျာထားသည့်လုပ်ငန်းစဉ်များ (ရသုံးမှန်းခြေ၊ အသုံးစရိတ်နှင့်ဘဏ္ဍာခွန်) တွင် အခြားသူများထက်စာလျှင် မိမိတို့သည် ဗဟုသုတနည်းသည်ဟု အမျိုးသမီးများက ယုံကြည်ထားကြသည်။

- ရပ်ရွာလူထုအတွင်းရှိအခြားသူများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရသုံးမှန်းခြေရေးဆွဲခြင်းနှင့် ပတ်သက်သော မိမိ၏ဗဟုသုတမှာ 'နည်းပါးသည်' ဟုအမျိုးသမီး ၄၀% နီးပါးကသတ်မှတ်ခဲ့ကြပြီး 'အလွန် နည်းပါးသည်' ဟု ၁၇% က သတ်မှတ်ခဲ့ကြသည်။

---

[5] Lawson & Martin. (2017). The Commitment To Reducing Inequality Index. Oxfam. https://oxfamilibrary.openrepository.com/bitstream/handle/10546/620316/rr-commitment-reduce-inequality-index-170717-en.pdf?sequence=31 မှ (၂၀၁၈)၊ ဩဂုတ် (၁၀) တွင်ထုတ်နုတ်ထားသည်။

[6] Spectrum. (2017). Budget Information for 2017–2018 Fiscal Year. https://themimu.info/sites/themimu.info/files/documents/Core_Doc_Citizens_Budget_Information_for_2017-2018_31May2017.pdf မှ (၂၀၁၈)၊ ဇူလိုင် (၃၀) တွင်ထုတ်နုတ်ထားသည်။

[7] Women Organisations in Myanmar. (2013). Women and Leadership in Myanmar. Oxfam. https://d1holjzgk5247a.cloudfront.net/myanmar.oxfam.org/s3fs-public/file_attachments/Women%20&%20Leadership%20(Full%20Report_English).pdf မှ (၂၀၁၈)၊ ဇွန်လ (၂၅) တွင်ထုတ်နုတ် ထားသည်။

[8] World Health Organization. (2014). The Republic of the Union of Myanmar Health System Review. http://iris.wpro.who.int/bitstream/handle/10665.1/11354/9789290616665_eng.pdf မှ (၂၀၁၈)၊ ဇူလိုင် (၃၀) တွင်ထုတ်နုတ် ထားသည်။

[9] Asian Development Bank, UNDP, UNFPA and UN Women (2016). Gender Equality and Women's Rights in Myanmar: A Situation Analysis. Retrieved on 30 July 2018, from http://mm.one.un.org/

[10] Women Organisations in Myanmar. (2013). Women and Leadership in Myanmar, op. cit.

- နိုင်ငံတော်မှမည်ကဲ့သို့အခွန် ကောက်ခံနေသည်ဆိုသည်ကိုလည်း 'အနည်းငယ်သာ' နားလည်သည် သို့မဟုတ် 'အားရလောက်အောင်နားလည်မှုမရှိ' ဟု ပါဝင်ဖြေဆိုခဲ့ကြသောအမျိုးသမီးများ၏ ၅၀% ကျော်က ဆိုသည်။
- အမျိုးသမီးထက်ဝက်ကျော် (၅၄%) ၏ ပြောဆိုချက်အရ အခွန်ကောက်ခံသောစနစ်၏ အကျိုးကျေးဇူးများကို ၎င်းတို့ သိရှိနေခြင်းမရှိပေ။

အဆိုပါရလဒ်များအရ ဗဟုသုတမရှိခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုနည်းပါးခြင်းနှင့် အသိအမြင်မရှိခြင်းတို့သည် ရသုံးမှန်းခြေ ရေးဆွဲပြင်ဆင်သည့်လုပ်ငန်းစဉ်များတွင် အမျိုးသမီးများပါဝင်ခြင်းကို ဟန့်တားနေသော အဓိက အတားအဆီးများ ဖြစ်ပါသည်။ အဆိုပါကဏ္ဍများတွင် အမျိုးသမီးများ၏အသံကို ပိုမိုကြားနိုင်ရန် ရသုံးမှန်းခြေဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်သော အသိပညာများ၊ နားလည်မှုများကိုမြှင့်တင်ပေးရန် အခိုင်အမာ လိုအပ်နေကြောင်း ပြသနေပါသည်။ ဤသည်မှာ ခေါင်းဆောင်များမှ တာဝန်ခံမှုရှိစေရေးနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး စနစ်တစ်ခု ပေါ်ထွန်းလာရေးအတွက် အရေးကြီးသော လက္ခဏာ တစ်ရပ်လည်းဖြစ်ပါသည်။[11]

### ဒေသတွင်းရှိရသုံးမှန်းခြေရေးဆွဲသည့်လုပ်ငန်းစဉ်များတွင်မိမိတို့ပါဝင်ခြင်းမရှိ ဟုအမျိုးသမီးအများစုက ဆိုပါသည်။

- ဒေသအဆင့် ရသုံးမှန်းခြေရေးဆွဲသည့်လုပ်ငန်းစဉ်တွင် တိုက်ရိုက်ပါဝင်ဖူးခြင်းလုံးဝမရှိဟု အမျိုးသမီး ၃၇% ကဆိုခဲ့ပြီး ပါဝင်မှုအလွန်နည်းပါးသည်ဟု အမျိုးသမီး ၅၄% ကဆိုပါသည်။

အဆိုပါရလဒ်အရအမျိုးသမီးများသည် ရသုံးမှန်းခြေ ရေးဆွဲသည့်လုပ်ငန်းစဉ်များတွင်ပါဝင်ရန် ရွေးချယ်ခြင်းမရှိ သို့မဟုတ် ကြိုးပမ်းခြင်းမရှိကြောင်း ပြသနေသည်။ တနည်းအားဖြင့် ၎င်းတို့၏ ဦးစားပေးလုပ်ငန်းများသည်လည်း ရသုံးမှန်းခြေဆိုင်ရာ ဆွေးနွေးမှုများတွင် ပါဝင်ထင်ဟပ်နေခြင်းမရှိနိုင်ပေ။ ယင်းနှင့်ပတ်သက်သော အဟန့်အတားတစ်ခုမှာ လူထုအစည်းအဝေးများကို အိမ်ထောင်ဦးစီးများသာ တက်ရောက်ရန်လိုအပ်ပြီး မြန်မာနိုင်ငံတွင် များသောအားဖြင့် အိမ်ထောင်ဦးစီးမှာ အမျိုးသားများသာ ဖြစ်သည်။ အဆိုပါဆွေးနွေးပွဲများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှု ပိုမိုပါဝင်စေရန် အများပြည်သူနှင့် ဆိုင်သော နယ်ပယ်များတွင် အမျိုးသမီးများ ပါဝင်ခြင်းကိုဟန့်တားနေသည့် ဖွဲ့စည်း တည်ဆောက်ပုံဆိုင်ရာ အတားအဆီးများကို ဦးတည် ဖြေရှင်းပေးရန် လိုအပ်မည် ဖြစ်ပါသည်။ အများပြည်သူနှင့် ဆိုင်သောနယ်ပယ်များတွင် အမျိုးသားများကလွှမ်းမိုးနေရခြင်းမှာ ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများအရ ၎င်းတို့သည် အဆိုပါ ရာထူးများကိုတာဝန်ယူရန် သဘာဝအလျောက် ပါရမီရှိသူများ ဖြစ်သည်ဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်။ ခေါင်းဆောင်မှုနှင့်နိုင်ငံရေးတို့မှာ ယောကျာ်းဖြစ်ခြင်း၊ ပါဝါရှိခြင်းတို့ဖြင့် ခိုင်မာစွာဆက်စပ်လျက်ရှိနေပြီး အမျိုးသားများသာလက်ဆင့်ကမ်းအမွေခံခွင့်ရှိသည်ဟု ယူဆထားကြသည်။[12]

### အမျိုးသမီးများသည် နိုင်ငံတော် ရသုံးမှန်းခြေနှင့် ပတ်သက်သော သတင်းအချက်အလက်များကို အခြားရင်းမြစ်များမှ ရရှိကြသော်လည်း ဒေသအာဏာပိုင်များထံမှမူ အချက်အလက်များရခဲလှသည်။

- အမျိုးသမီးအများစုမှာ သတင်းအချက်အလက်များကို ရုပ်မြင်သံကြား (၃၆%)မှရရှိကြပြီး အခြားအပြောများသောလမ်းကြောင်းများမှာ ရေဒီယို (၁၈%)၊ သတင်းစာ (၁၆%) နှင့် ဖေ့စ်ဘုတ်လူမှုကွန်ယက် (၁၄%) တို့ ဖြစ်ပါသည်။
- ဒေသတွင်းအသုံးစရိတ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့မှ ပုံမှန်ပြန်လည်ပြောပြလေ့ရှိမရှိဟူသော အလေ့အထကိုမေးမြန်းကြည့်ရာ 'အမြဲပြောပြသည် (၂%)' သို့မဟုတ် 'မကြာခဏပြောပြသည် (၇%)' ဟုဖြေဆိုသူ အမျိုးသမီး ၁၀% အောက်သာ ရှိပြီး ၃၆% ကမူ ၎င်းတို့၏ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများက ဒေသတွင်းအသုံးစရိတ်နှင့် ပတ်သက်သော သတင်းအချက်အလက်များကို လုံးဝပြန်လည်ပြောပြခြင်းမရှိဟုဆိုပါသည်။

### အမျိုးသမီးများသည် အောက်ပါတို့နှင့်ပတ်သက်၍ ပိုမိုသိရှိလိုကြသည်။

- လေ့လာဆန်းစစ်မှုတွင်မေးမြန်းခဲ့သောအမျိုးသမီးများ၏ ၉၂% မှာ နိုင်ငံတော်၏ရသုံးမှန်းခြေဆိုင်ရာ သတင်းအချက်အလက်များကို နောင်တွင် ရရှိလိုကြသည်။
- သတင်းအချက်အလက်များရယူရာတွင် ပို၍ အဆင်ပြေမည့်နည်းလမ်းများမှာ ရုပ်မြင်သံကြား (၃၀%)၊ သတင်းစာ (၁၇%)နှင့် ကျေးရွာအတွင်းရှိ ကြော်ငြာသင်ပုန်း (၁၇%) တို့ဖြစ်ကြသည်။ လူထုအစည်းအဝေးများနှင့် အင်တာနက်စာမျက်နှာများသည် သင့်လျော်မှုအနည်းဆုံးနည်းလမ်းများဖြစ်သည်။

လက်ရှိတွင်သုတေသနပြုမေးမြန်းခဲ့သောအမျိုးသမီးအများစုမှာ ရသုံးမှန်းခြေဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်နေခြင်း မရှိဘဲ လုပ်ငန်းစဉ်များနှင့်ပတ်သက်လာလျှင် ၎င်းတို့သည် ရပ်ရွာရှိ

[11] Burnley, Ei Phyu, Hilton. (2016). A Case for Gender-Responsive Budgeting in Myanmar, op. cit.

[12] Ibid.

အခြားသူများလောက်မသိဟု မိမိကိုယ်ကိုယူဆ ထားကြသည်။ သို့သော်ငင်းတို့အနက်မှ အများစုသည် ရသုံးမှန်းခြေနှင့် ပတ်သက်သော သတင်း အချက်အလက်များကို အထူးသဖြင့်ရုပ်မြင်သံကြား၊ ရေဒီယိုသို့မဟုတ် ကျေးရွာ အတွင်းရှိ ကြော်ငြာသင်ပုန်းတို့မှ ရရှိလိုကြောင်း ၎င်းတို့၏ စိတ်ဝင်စားမှုကိုဖော်ပြကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ရသုံးမှန်းခြေလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်နိုင်ရန်အတွက် အမျိုးသမီးများအတွက်အဆင်အပြေဆုံး ဖြစ်မည့်နည်းလမ်းများအသုံး ပြု၍ သတင်းအချက်အလက်များ အမျိုးသမီးများထံသို့ ရောက်ရှိစေရန်နှင့် ဤအချက်ကိုပံ့ပိုးပေးရန် ကြိုးပမ်းမှုများလိုအပ်ပါသည်။ သတင်းအချက်အလက် ပေးနိုင်သောနည်းလမ်းများမှာနေရာဒေသ၊ အသက်အပိုင်းအခြားတို့ အပေါ်မူတည်၍ ပြောင်းလဲနိုင်သော်လည်း လူထုအစည်းအဝေးများနှင့် အင်တာနက်စာမျက်နှာများမှာမူအမျိုးသမီးများလိုလားသော နည်းလမ်းများမဟုတ်ကြပါ။

# နိဂုံး

အမျိုးသမီးများသည် ရသုံးမှန်းခြေရေးဆွဲပြင်ဆင်ခြင်းနှင့် ရသုံးမှန်းခြေဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်လာလျှင် အခြားသူများနှင့်ယှဉ်ပါက မိမိတို့တွင် ဗဟုသုတနှင့် နားလည်မှု နည်းပါးသည်ဟု ယုံကြည်ထားကြောင်း ဤသုတေသနအားဖြင့် ရှင်းလင်းစွာ သိရပါသည်။ အမျိုးသမီးများ၏ဗဟုသုတများနှင့် မိမိကိုယ်ကို ယုံကြည်မှု တိုးလာစေရန် မြန်မာနိုင်ငံတော်အစိုးရ၊ အရပ်ဘက် အဖွဲ့အစည်းများ (CSO များ) နှင့်အပြည်ပြည်ဆိုင်ရာအထောက်အပံ့နှင့် ဖွံ့ဖြိုးရေးအဖွဲ့များ အပါအဝင် အဖွဲ့အစည်းအားလုံးမှ ယခုထက်ပို၍ လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ သို့မှသာရသုံးမှန်းခြေဆိုင်ရာ ဆွေးနွေးမှုများနှင့် အစီအစဉ်ရေးဆွဲသည့်လုပ်ငန်းများတွင် အမျိုးသမီးများ ပြည့်ပြည့်ဝဝပါဝင်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် အများပြည်သူနှင့်ဆိုင်သောလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှုအလွန်နည်းပါးလျက်ရှိပြီး လုပ်ငန်း လုပ်ဆောင်သူများ အားလုံးအနေဖြင့် ခေါင်းဆောင်ပိုင်းနှင့် ရသုံးမှန်းခြေ လုပ်ငန်းစဉ်များသည် 'အမျိုးသားများ၏ အလုပ်' သာဖြစ်သည် ဟူသော လွှမ်းမိုးနေသေးသည့်အတွေးအခေါ်များကိုစိန်ခေါ်ကာ အများပြည်သူနှင့် ဆိုင်သော အဓိပ္ပါယ်ပြည့်ဝသည့် ဆွေးနွေးပွဲများတွင် အမျိုးသမီးများခေါင်းဆောင်များအဖြစ် ပါဝင်လာနိုင်စေရန်အတွက် အခွင့်အလမ်းများဖန်တီးပေးရန် လိုအပ်ပါသည်။

ပြည်သူ့ဘဏ္ဍာငွေခွဲဝေအသုံးပြုခြင်းနှင့်ပတ်သက်လာလျှင် အမျိုးသားများနှင့်အမျိုးသမီးများတွင် ဦးစားပေးမှုများမှာ အများအားဖြင့် မတူညီပဲရှိတတ်ပါသည်။ ဤစာစောင်ပါ သုတေသနတွေ့ရှိချက်များအရ အများပြည်သူနှင့်ဆိုင်သော အသုံးစရိတ်တွင် အမျိုးသမီးများသည် ကျန်းမာရေးနှင့် ပညာရေးကိုဦးစားပေးပြီး အရင်းအမြစ်များခွဲဝေလျာထားခြင်းနှင့် ပြည်သူ့အသုံးစရိတ်ခွဲဝေခြင်းတို့ရေးဆွဲပြင်ဆင်ရာတွင် ထိုအချက်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

အမျိုးသမီးများသည် လူထုအတွင်း ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်လိုသောဆန္ဒရှိကြသော်လည်း ၎င်းတို့ကို အဆိုပါလုပ်ငန်းစဉ်များမှ မကြာခဏချန်လှပ်ခံထားရသည်ကိုလည်း ရှင်းရှင်းလင်းလင်းတွေ့ရပါသည်။ အမျိုးသမီးများ၏အသံများကို အလေးပေးနားထောင်ခြင်းမပြုဘဲ အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးရေးနှင့် ကျား/မ ရေးရာ တရားမျှတမှုတို့ဆီသို့ မျှော်မှန်းရန်မဖြစ်နိုင်ပါ။ ဤကဲ့သို့သိသာထင်ရှားလှသောချန်လှပ်ထားမှုများကို အမြန်ကုစားရန်၊ ပြုပြင်ရန်လိုအပ်ပါသည်။ သို့မှသာ အမျိုးသမီးများ၏ အခွင့်အရေးများနှင့်ဦးစားပေးလိုသော ကဏ္ဍများသည် အများပြည်သူနှင့်ဆိုင်သော အသုံးစရိတ်များနှင့်မူဝါဒလုပ်ငန်းစဉ်များတွင် ထင်ဟပ်နေမည်ဖြစ်သည်။

# အဓိက အကြံပြုချက်များ

## မြန်မာနိုင်ငံတော်အစိုးရသို့

- ရသုံးမှန်းခြေဘတ်ဂျက်စက်ဝန်းရှိအဆင့်အားလုံးတွင် ကျား/မ ရေးရာအလေးပေးသော ရသုံးမှန်းခြေ လုပ်ငန်းစဉ်များ ထည့်သွင်းသွားရန်။ သို့မှသာရေးဆွဲထားသောရသုံးမှန်းခြေသည်အမျိုးသားများသာမက အမျိုးသမီးများ၏ လိုအပ် ချက်များကိုပါထည့်သွင်းစဉ်းစားရာရောက်ပြီး ကျား/မ ရေးရာမညီမျှမှုများကို လျှော့ချရာတွင် အထောက်အပံ့ဖြစ်စေ မည်။
- အမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် ရေရှည်ဖွံ့ဖြိုးရေးပန်းတိုင်များ (SDGs) နှင့်အညီ၊ အမျိုးသမီး များ၏ ရှင်းလင်းသောဆန္ဒများနှင့်အညီ (ကျန်းမာရေးနှင့်ပညာရေးအပါအဝင်) လူမှုရေးကဏ္ဍများအတွက် ရသုံးမှန်းခြေ တိုးမြှင့်သတ်မှတ်သွားရန်။
- မူဝါဒများနှင့်အလေ့အကျင့်များတွင် အမျိုးသမီးများသာမက အခြားသောသူများအားလုံး၏လိုအပ်ချက်များကို ထင်ဟပ် နေစေရန် ဘဏ္ဍာရေးဆိုင်ရာအစီအစဉ်ရေးဆွဲခြင်းနှင့် ရသုံးမှန်းခြေအတွက်ဆွေးနွေးခြင်းတို့တွင် ပြည်သူများ အဓိပ္ပါယ် ရှိရှိ ပါဝင်နိုင်စေရန် တရားဝင်အခွင့်အလမ်းတစ်ရပ်ဖန်တီးပေးရန်။
- ရသုံးမှန်းခြေဆိုင်ရာဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းများတွင် ပါဝင်နိုင်စေရန် ဆီလျော်သော သင်တန်းများ၊ အများပြည်သူအသိပညာတိုးစေသောလှုံ့ဆော်ပွဲများနှင့် အခြားနည်းလမ်းများဖြင့် ပြည်သူလူထု၊ အထူး သဖြင့် အမျိုးသမီးများ၏စွမ်းဆောင်ရည်များကိုမြှင့်တင်ပေးရန်နှင့် တက်ကြွစွာပံ့ပိုးပေးရန်။ ထိုလုပ်ငန်းများ လုပ်ဆောင် နိုင်ရန် အမျိုးသမီးအဖွဲ့များကို ရန်ပုံငွေပံ့ပိုးပေးခြင်းအပါအဝင် အလားတူစွန့်ဦးလုပ်ဆောင်မှုများအတွက် ရန်ပုံငွေ ထောက်ပံ့ပေးရန်။
- ရသုံးမှန်းခြေဆိုင်ရာဦးစားပေးကဏ္ဍများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ် အဆင့်များတွင် အမျိုးသမီးများ၏ ဦးစားပေးကဏ္ဍများနှင့် အမျိုးသားများ၏ဦးစားပေးကဏ္ဍများဟူ၍ သီးသန့်ခွဲခြား ကောက်ခံနိုင်မည့် နည်းလမ်းများဖော်ထုတ်ပေးရန်။
- ကျား/မ တန်းတူညီမျှမှုရှိလာအောင် နိုင်ငံတော်မှထားရှိသောကတိကဝတ်များနှင့်ပတ်သက်၍ ဝန်ကြီးဌာန အားလုံး သိရှိလာအောင်တိုးမြှင့်လုပ်ဆောင်ပေးရန်။ အဆိုပါကတိကဝတ်များသည် ကဏ္ဍအလိုက်အသုံးစရိတ်များနှင့် ဝန်ဆောင်မှုပေးအပ်သည့်လုပ်ငန်းများအပါအဝင် တိကျသောမူဝါဒများ၊ အလေ့အကျင့်များတွင် လက်တွေ့ပါဝင်လာ အောင် ပံ့ပိုးပေးရန်။
- အမျိုးသမီး မြို့နယ်အုပ်ချုပ်ရေးမှူးများခန့်အပ်ခြင်းနှင့် အမျိုးသမီးများတက်ကြွစွာပါဝင်ခြင်းကို ဟန့်တားနေသော အရေးကြီးသည့် အတားအဆီးများကို ဦးတည်ဖြေရှင်းခြင်းအပါအဝင် အုပ်ချုပ်ရေးအဆင့်အားလုံးတွင် အမျိုးသမီး ကိုယ်စားပြုမှုရှိလာအောင်ပံ့ပိုးပေးရန်။

### အရပ်ဘက်အဖွဲ့အစည်းများသို့

- ရသုံးမှန်းခြေဆိုင်ရာဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်များတွင်ပါဝင်ရန် အမျိုးသမီးများသည် ထပ်ဆောင်းအဟန့်အတားများရင်ဆိုင်နေရသည်ဆိုသည်ကို အသိအမှတ်ပြုသောအားဖြင့် အဆိုပါလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်နိုင်အောင် တိုက်ရိုက်ပံ့ပိုးပေးရန်။
- ရသုံးမှန်းခြေဆိုင်ရာဆွေးနွေးပွဲများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင်ပါဝင်နိုင်စေရန် အမျိုးသမီးများ၏ သီးသန့် လိုအပ်ချက်များအလိုက် လိုက်လျောညီထွေပြင်ဆင်ထားသောသင်တန်းများပေးအပ်ခြင်းနှင့် ပြည်သူများအကြား သတင်းအချက်အလက်ဖြန့်ဝေပေးခြင်း/ အသိအမြင်ဖွင့်လှုံ့ဆော်ပွဲများပြုလုပ်ပေးခြင်း စသည်တို့အားဖြင့် ပြည်သူလူထု  အထူးသဖြင့်အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပေးရန်။
- ကာလတိုလိုအပ်ချက်များကိုဦးတည်ဖြေရှင်းနိုင်ရေးနှင့် ကျား/မ ရေးရာအခန်းကဏ္ဍများကို ကျယ်ကျယ်ပြန့်ပြန့် မေးခွန်းထုတ်စိန်ခေါ်ခြင်းကို ပံ့ပိုးပေးနိုင်ရေးအတွက် ဘဏ္ဍာငွေသုံးစွဲရေးမူဝါဒများနှင့် အလေ့အကျင့်များသည် ကျား/မ ရေးရာအလေးပေးမှုပိုမိုရှိလာစေရန် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများအား စည်းရုံးလှုံ့ဆော်တိုက်တွန်းသွားရန်။

### အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့အစည်းများနှင့်အလှူရှင်များသို့

- မညီမျှမှုများကို ပိုမိုအားကောင်းစေသကဲ့သို့ဖြစ်စေတတ်သော သို့မဟုတ် လျော့နည်းစေနိုင်သော ရသုံးမှန်းခြေ၏အခန်းကဏ္ဍများနှင့် ကျား/မ တန်းတူညီမျှရေး စသည်တို့နှင့်ပတ်သက်၍ အစိုးရဝန်ကြီးဌာနများ၏ အသိအမြင်ဖွံ့ဖြိုးတိုးတက်လာစေရန် သင်တန်းများ၊ နည်းပညာကျွမ်းကျင်မှုများအားဖြင့် ပံ့ပိုးပေးရန်။
- ကျား/မ ရေးရာအလေးပေးသော ရသုံးမှန်းခြေဆိုင်ရာလုပ်ငန်းစဉ်များတွင် အရပ်ဘက်အဖွဲ့အစည်းများ၊ အထူးသဖြင့်အမျိုးသမီးအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများပါဝင်နိုင်အောင် သင်တန်းများပို့ချပေးခြင်း၊ ပြည်သူများအကြားသတင်းအချက်အလက်ဖြန့်ဝေပေးခြင်း/ အသိအမြင်ဖွင့်လှုံ့ဆော်ပွဲများပြုလုပ်ပေးခြင်း စသည်တို့အားဖြင့် ပံ့ပိုးပေးရန်။ အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အဆိုပါကဏ္ဍများရှိ CSO များအတွက် ရန်ပုံငွေပံ့ပိုးပေးရန်။

# သုတေသန နည်းစနစ်

ဤသုတေသနသည် မြန်မာနိုင်ငံ၏ရသုံးမှန်းခြေရေးဆွဲပြင်ဆင်ခြင်းနှင့် အခွန်ဘဏ္ဍာစနစ်တို့နှင့်စပ်လျဉ်း၍ အမျိုးသမီးများ၏ သိမြင်နားလည်မှုကို ပိုမိုနားလည်သဘောပေါက်စေရန်ရည်ရွယ်ထားပါသည်။

သုတေသနမေးခွန်း ၂၅ ခုပါသောမေးခွန်းလွှာကိုပြင်ဆင်ခဲ့ပြီး ရသုံးမှန်းခြေဆိုင်ရာလုပ်ငန်းစဉ်များနှင့်ပတ်သက်သော အမျိုးသမီးများ၏နားလည်မှု၊ အမျိုးသမီးများ၏ ရသုံးမှန်းခြေဆိုင်ရာဦးစားပေးကဏ္ဍများနှင့် အထွေထွေသတင်း အချက်အလက်များကို ကောက်ခံခဲ့ပါသည်။ အချို့သောစစ်တမ်းမေးခွန်းလွှာများတွင် ဖြေဆိုသူများမှအဖြေနှင့်အတူ ရှင်းလင်းဖော်ပြချက်များကိုပါ ထည့်သွင်းထားပါသည်။

သုတေသနတွင် အသက် (၁၅) နှစ်မှ (၇၀) နှစ်အရွယ်ကြား အမျိုးသမီးစုစုပေါင်း (၄၃၀) ကိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။ ပါဝင်ခဲ့ကြသောအမျိုးသမီးများမှာ မတူညီသောလူမှုစီးပွားရေးအုပ်စု၊ နေရာဒေသနှင့်လူမျိုးစုအသီးသီးမှဖြစ်ကြပါသည်။ လေ့လာဆန်းစစ်မှုကို ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့်ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးများ စသော ပြည်နယ်နှင့်တိုင်းဒေသကြီး (၆) ခုတွင်ပြုလုပ်ခဲ့ပါသည်။ ဤပထဝီအနေအထားအရ နမူနာအဖြစ်ရွေးချယ်ထားသော ဒေသများတွင် တောင်ပေါ်ဒေသများ၊ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၊ မြစ်ဝကျွန်းပေါ် ဒေသများနှင့် ပဋိပက္ခဖြစ်နေသောဒေသများပါဝင်ပါသည်။ မြို့ပြဒေသနှင့် ကျေးလက်ဒေသနှစ်မျိုးစလုံးတွင် စစ်တမ်းကောက်ယူခဲ့ပါသည်။ ပါဝင်ဖြေဆိုသူများ၏ ၅၅% မှာ မြို့ပြဒေသမှဖြစ်ပြီး ၄၅% မှာကျေးလက်ဒေသမှဖြစ်ပါသည်။ အချက်အလက်ကောက်ယူရန် တိတိကျကျရွေးချယ်ခဲ့သောမြို့ရွာများမှာ Oxfam နှင့်မိတ်ဖက်အဖွဲ့များမှ လုပ်ငန်းများ လုပ်ဆောင်ခဲ့ဖူးသော နေရာများဖြစ်ပါသည်။


သုတေသနအဖွဲ့တွင် မြန်မာနိုင်ငံရှိ Oxfam အဖွဲ့မှ ကျား/မရေးရာ မူဝါဒအကြံပေးနှင့်အတူ သင်တန်းဆင်း စစ်တမ်း ကောက်ယူသူများပါဝင်ပါသည်။ သုတေသနအဖွဲ့သည် ပါဝင်သူများ၏အဖြေများကို ပိုမိုနားလည်သဘောပေါက်စေရန် စစ်တမ်းများပါ မေးခွန်းများအပြင် နောက်ဆက်တွဲမေးခွန်းများကိုလည်း မေးမြန်းခဲ့ကြပါသည်။ အချက်အလက်များကို (၂၀၁၇) ခုနှစ်၊ ဩဂုတ်လနှင့် ဒီဇင်ဘာလအတွင်းတွင် ကောက်ယူခဲ့ကြပါသည်။

# သုတေသနရလဒ်များ

## A ရသုံးမှန်းခြေလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အမျိုးသမီးများ၏နားလည်မှု


**A1** အစိုးရ၏ရသုံးမှန်းခြေလုပ်ငန်းစဉ်များနှင့် ပတ်သက်သောဗဟုသုတကိုမေးမြန်းခဲ့ရာ အမျိုးသမီးများသည် မိမိတို့ ပတ်ဝန်းကျင်ရှိအခြားသူများနှင့်ယှဉ်ပါက မိမိတို့တွင်ဗဟုသုတအနည်းငယ်သာရှိသည်ဟု ထင်မှတ်ထားကြသည်။ ရသုံးမှန်းခြေနှင့်ဆိုင်သော ၎င်းတို့၏ဗဟုသုတမှာ ၎င်းတို့၏ထင်မြင်ယူဆချက်အရ အခြားသူများထက် 'နည်းသည်' ဟု မေးမြန်းခဲ့သော အမျိုးသမီးများ၏ ၄၁% နီးပါးမှဖြေဆိုခဲ့ကြပြီး ၁၈% နီးပါးမှာ 'အလွန်နည်းသည်' ဟုဖြေဆိုခဲ့ကြသည်။ ၃၆% နီးပါးကမူ ၎င်းတို့တွင်ဗဟုသုတ 'အသင့်အတင့်' ရှိသည်ဟုဖြေဆိုခဲ့ကြသည်။

## ရသုံးမှန်းခြေရေးဆွဲပြင်ဆင်ခြင်းနှင့်ပတ်သက်သောဗဟုသုတ




**A2** အမျိုးသမီးများသည် အစိုးရ၏ရသုံးမှန်းခြေဘဏ္ဍာငွေနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုသိရှိရန် လမ်းကြောင်းများစွာကို အသုံးပြုတတ်ကြသည်။ ပါဝင်ဖြေဆိုသူအမျိုးသမီးများ၏ရာခိုင်နှုန်းအများစုမှာ သတင်း အချက်အလက်များကို ရုပ်မြင်သံကြား (၃၆%) မှရရှိကြပြီး ရေဒီယို (၁၈%)၊ သတင်းစာ (၁၆%)၊ ဖေ့ဘုတ်လူမှုကွန်ရက် (၁၄%) တို့မှာလည်း အသုံးများသော နည်းလမ်းများဖြစ်ကြသည်။


## ရသုံးမှန်းခြေဆိုင်ရာသတင်းအချက်အလက်များကို အမျိုးသမီးများမည်ကဲ့သို့ရရှိနေသနည်း




**A3** ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ (VT/WA) သည် ရသုံးမှန်းခြေနှင့်အထူးသဖြင့် အသုံးစရိတ်ဆိုင်ရာဗဟုသုတနှင့် သတင်းအချက်အလက်များရှိသော ရင်းမြစ်များဖြစ်ကြသည်။ သို့သော် VT/WA များသည် အသုံးစရိတ်ဆိုင်ရာသတင်းအချက်အလက်များကို လူထုအတွင်း မည်မျှပုံမှန်ပြန်လည်ဝေမျှကြောင်းမေးမြန်းသောအခါ အမျိုးသမီးများ၏ ၁၀% အောက်ကသာ 'အမြဲတမ်း' (၂%) သို့မဟုတ် 'မကြာခဏ' ဟုဖြေဆိုခဲ့ကြပြီး VT/WA များသည် အသုံးစရိတ်ဆိုင်ရာသတင်းအချက်အလက်များကို ရပ်ရွာလူထုသို့ လုံးဝပြန်လည်ဝေမျှခြင်းမရှိဟု ၃၆% ကဆိုပါသည်။

**A4** ပါဝင်ခဲ့ကြသောအမျိုးသမီးများ၏သုံးပုံတစ်ပုံကျော် (၃၇%) သည် ဒေသအဆင့် ရသုံးမှန်းခြေလုပ်ငန်းစဉ်များတွင် တိုက်ရိုက်ပါဝင်ဖူးခြင်းလုံးဝမရှိပါ။ အမျိုးသမီးများပြောပြခဲ့သော အဓိကအကြောင်းရင်းမှာ ကျေးရွာအစည်းအဝေးများသို့ အိမ်ထောင်ဦးစီးများကိုသာ ဖိတ်ကြားလေ့ရှိသောကြောင့်ဟူ၍ဖြစ်ပါသည်။ အစည်းအဝေးများသို့ အမျိုးသမီးများတက်ရောက်သည့်တိုင် ယေဘုယျအားဖြင့် ၎င်းတို့သည်ဆွေးနွေးပွဲများ၌ ပါဝင်ခွင့်မရှိပေ သို့မဟုတ် မပါဝင်ရဲကြပေ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများမှာ 'အမျိုးသားများ၏အလုပ်' သာဖြစ်သည်ဟု ထင်မှတ်ထားကြသည်။

## ဒေသအဆင့် ရသုံးမှန်းခြေဆိုင်ရာလုပ်ငန်းစဉ်များတွင် ပါဝင်ခြင်း





**A5** စင်စစ်အားဖြင့် အမျိုးသမီးများသည် ရသုံးမှန်းခြေဆိုင်ရာလုပ်ငန်းစဉ်များတွင် နည်းလမ်းမျိုးစုံဖြင့် ပါဝင်နေကြ ပါသည် - နောက်ကွယ်မှ အကြံဉာဏ်များပေးခြင်း (၁၈%)၊ အစည်းအဝေးများတွင် အကြံဉာဏ်ပေးခြင်း (၂၅%)၊ သို့မဟုတ် ဈေး သို့မဟုတ် လက်ဖက်ရည်ဆိုင်များ တွင်စကားပြောသည့်အချိန်ကဲ့သို့ စကားဝိုင်းများတွင် အကြံဉာဏ်ပေးခြင်း(၂၇%)။ ၃၀ရာခိုင်နှုန်းသောအမျိုးသမီးများမှာမူ ရပ်ရွာလူထုအတွင်းလိုအပ်ချက်များ၊ အထူးသဖြင့် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေနှင့်ဆက်စပ်နေသော လိုအပ်ချက်များကို မေးမြန်းခံရတတ်သည်ဟု ဆိုပါသည်။




## ကျေးရွာအုပ်စုနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ သတင်းအချက်အလက်များပြန်လည်ဝေမျှခြင်း

**A6** အစိုးရမှ အခွန်မည်ကဲ့သို့ကောက်ခံနေသည်ဆိုသည်နှင့်ပတ်သက်၍ 'အနည်းငယ်' သာနားလည်သည် သို့မဟုတ် 'အားရလောက်အောင်နားလည်မှုမရှိ' ဟုတွေ့ဆုံမေးမြန်းခဲ့သောအမျိုးသမီးများ၏ထက်ဝက်ကျော်ကဆိုပါသည်။ စနစ်နှင့်ပတ်သက်၍ ပိုမိုနားလည်သည်ဟုမိမိကိုယ်ကိုယုံကြည်မှုရှိသော အမျိုးသမီးအတော်များများ၏ပြောဆိုချက်အရ အစိုးရသည် အခွန်ကောက်ခံသည့်စနစ်ကို မြင့်တင်သွားမည်ဆိုသည်ကို ၎င်းတို့အနေဖြင့်သိသော်လည်း စနစ်သစ်တွင် မည်သည့် ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများသည် အခွန်ကောက်ခံ၍ရသောအရာများဖြစ်သည်ဆိုသည်ကိုမူ အနည်းငယ်သာနားလည်ကြောင်းပြောပြခဲ့ကြပါသည်။


## အခွန်ကောက်ခံခြင်းအပေါ် နားလည်သဘောပေါက်မှု




## A7 အခွန်စနစ်၏အကျိုးကျေးဇူးများ

အခွန်စနစ်၏အကျိုးကျေးဇူးများကိုမသိဟု အမျိုးသမီးအများစု (၅၄%) ကဆိုသည်။ အကျိုးကျေးဇူးများကိုသိသည်ဟုဖြေဆိုသူများအနက် ဖြေဆိုမှုအများဆုံးအကျိုးကျေးဇူးမှာ အခြေခံအဆောက်အဦဖွံ့ဖြိုးရေး (၂၁%) ကဲ့သို့သော 'လူထုဖွံ့ဖြိုးရေးအတွက်ပြန်သုံးသည်' ဟူ၍ဖြစ်ပြီး အမျိုးသမီး ၈% ကမူ အခွန်များကို သက်ကြီးရွယ်အိုများအတွက် ပံ့ပိုးခြင်းနှင့်ပင်စင်ရန်ပုံငွေပေးအပ်ခြင်းအပါအဝင် လူမှုရေးလုပ်ငန်းများအတွက်ဖြစ်ကြောင်းယုံကြည်ထားကြသည်။


## အခွန်ကောက်ခံခြင်း၏အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များ



## B အမျိုးသမီးများ၏ ဦးစားပေးကဏ္ဍများ

**B1** နိုင်ငံတော်၏အသုံးစရိတ်များတွင် ကျန်းမာရေးနှင့်ပညာရေးသည် ဦးစားပေးဝန်ဆောင်မှုများဖြစ်သင့်သည်ဟု အမျိုးသမီးများကယူဆထားပါသည်။ ဖြေဆိုသူများသည် ကျန်းမာရေး (၂၇%)၊ ပညာရေး (၂၄%) နှင့် လျှပ်စစ် (၂၀%) တို့မှာ လူထုအတွက်လိုအပ်သော ဦးစားပေးဝန်ဆောင်မှုများဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။ လူမှုရေး ဝန်ဆောင်မှုများ၊ စိုက်ပျိုးရေး သို့မဟုတ် ရေတို့ကို ရပ်ရွာလူထုအတွက်အလိုအပ်ဆုံးဝန်ဆောင်မှုများဖြစ်သည်ဟု ဖြေဆိုသူမှာ ၅% အောက်သာရှိသည်။

**အများပြည်သူနှင့်ဆိုင်သောအသုံးစရိတ်အတွက် လူထု၏ဦးစားပေးလိုမှုများ**




**B2–4** ရသုံးမှန်းခြေနှင့်ပတ်သက်၍ အမျိုးသမီးများ၏ ပထမဆုံးဦးစားပေး (၃) ခုကိုမေးမြန်းခဲ့ရာ ကျန်းမာရေး၊ ပညာရေးနှင့် လျှပ်စစ်ဓါတ်အားတို့မှာ ထောက်ခံမှုအများဆုံးရသောဘတ်ဂျက်များ ဖြစ်ကြပါသည်။

**အများပြည်သူနှင့်ဆိုင်သောအသုံးစရိတ်အတွက် ဦးစားပေးလိုမှုများ**




**B5–7** အရေးကြီးမှုအနည်းဆုံးဟုထင်သော ရသုံးမှန်းခြေအမျိုးအစားများကိုလည်း ဖြေဆိုသူအားလုံးကိုမေးမြန်းခဲ့ကြပါသည်။ ကာကွယ်ရေးအသုံးစရိတ်အတွက် ရသုံးမှန်းခြေခွဲဝေလျာထားခြင်းမှာ သိသိသာသာဖြေဆိုမှုအများဆုံးအုပ်စု ဖြစ်ခဲ့ပြီး ဖြေဆိုသူများအနက် ၃၃% မှ အရေးကြီးမှုအနည်းဆုံးအဖြစ်ဖြေဆိုခဲ့ကြပါသည်။ ရေ၊ လူမှုရေးဝန်ဆောင်မှုများ နှင့်မြို့ပြ ဖွံ့ဖြိုးရေးတို့ကိုလည်း အရေးကြီးမှုအနည်းဆုံးအသုံးစရိတ်များအဖြစ်ဖြေဆိုခဲ့ကြပါသည်။

### အများပြည်သူနှင့်ဆိုင်သောအသုံးစရိတ်အတွက် အနိမ့်ဆုံးဦးစားပေးလိုမှုများ




**B8–9** မိမိတို့အလိုအပ်ဆုံးဝန်ဆောင်မှုများကို ရယူရန်ကြိုးပမ်းရာတွင် အခက်အခဲများရင်ဆိုင်ရကြောင်း အမျိုးသမီး အများစုကဆိုပါသည်။ ဖြေဆိုသူ ၄၇% ၏ပြောပြချက်အရဝန်ဆောင်မှုများကို လက်လှမ်းမှီအသုံးပြုရန် 'ခက်ခဲ' ပြီး နောက်ထပ် ၁၁% ၏အတွေ့အကြုံအရ 'လွန်စွာခက်ခဲ' သည်ဟုဆိုပါသည်။

### အများပြည်သူနှင့်ဆိုင်သောဝန်ဆောင်မှုများရယူအသုံးပြုရာတွင်တွေ့ရသောအခက်အခဲအဆင့်သတ်မှတ်ချက်




## C အနာဂတ်မျှော်လင့်ချက်

**C6** နိုင်ငံတော်၏ရသုံးမှန်းခြေနှင့်ပတ်သက်သော သတင်းအချက်အလက်များကိုသိရှိလိုခြင်းရှိမရှိမေးမြန်းခဲ့ရာ ဖြေဆိုသူအများစုမှာ (၉၂%) ရယူလိုကြောင်း အပြုသဘောဖြေဆိုကြသည်ကိုတွေ့ရပါသည်။

**C7** ရသုံးမှန်းခြေဆိုင်ရာသတင်းအချက်အလက်များရယူရန်အတွက် ၎င်းတို့ပို၍နှစ်ခြိုက်သောနည်းလမ်းများကို မေးမြန်းခဲ့ရာ ဖြေဆိုသူအများစုက ရုပ်မြင်သံကြား (၃၀%)၊ သတင်းစာ (၁၇%)နှင့် ကျေးရွာ/ရပ်ကွက်ကြော်ငြာသင်ပုန်း (၁၇%) များမှတဆင့် ရရှိလိုသည်ဟုဖြေဆိုခဲ့ကြပါသည်။ ကျေးရွာအစည်းအဝေးများနှင့်အင်တာနက်စာမျက်နှာတို့မှာ နှစ်ခြိုက်မှုအနည်းဆုံးနည်းလမ်းများဖြစ်ကြပါသည်။

### သတင်းအချက်အလက်များရယူရာတွင်ပို၍နှစ်ခြိုက်သောနည်းလမ်းမျ



ဤစာတမ်းကို Shaivalini Parmar, ဒေါ်ပိုးအိဖြူ, Clare Coffey, Francesca Rhodes, Amy Croome and ဒေါ်ရည်မွန်ဦးတို့မှ ရေးသားထားခြင်း ဖြစ်သည်။ ဤစာတမ်း ဖြစ်မြောက်ရန်အတွက် ကူညီပံ့ပိုးပေးပါသော Dr. Ines Smyth ကိုလည်း Oxfam အဖွဲ့မှ ကျေးဇူးအထူးတင်ရှိပါသည်။

ဤစာတမ်းနှင့်ပတ်သက်၍ အသေးစိတ်သတင်းအချက်အလက်များ သိရှိလိုပါက YeeMonOo@oxfam.org.uk သို့ ဆက်သွယ်နိုင်ပါသည်။